တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ (၂၁-၁၀-၂၀၂၆)

အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေနှင့် ဆုံးဖြတ်ချက်
၁	**ဦးအောင်နိုင်၊ ဝေါ မဲဆန္ဒနယ်**က ဝေါမြို့နယ်၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက်အဦကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိ လိုခြင်း မေးမြန်းပါသည်။	**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတောင်းခံ၍ ရန်ပုံငွေရရှိပါက အဆောက်အဦပြင်ဆင်နိုင်ရေး ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်း မဲဆန္ဒနယ်**က သဲကုန်းမြို့နယ်၊ ဘောလုံးကွင်းအား ပွဲကြည့်စင်နှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**အားကစားရေးရာဝန်ကြီးဌာန**က ဘောလုံးကွင်းပွဲကြည့်စင် (၁၅၀ X ၂၀)ပေ RC (၂) ထပ် တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၃	**ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်**က မှော်ဘီမြို့နယ်၊ အားကစားကွင်းအား ခရိုင်အားကစားကွင်းအဖြစ် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို အစီအစဉ် ရှိ မရှိတို့ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**အားကစားရေးရာဝန်ကြီးဌာန**က မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်း၊ အပြင်ရေနုတ်မြောင်းနှင့် ကတ်တုံးတည်ဆောက်ခြင်းတို့အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၄	**ဦးကျော်မြင့်နိုင်၊ နောင်ချို မဲဆန္ဒနယ်**က နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များအပါအဝင် အချို့မြို့ရွာများ၌ ပျက်စီးခဲ့ရသည့်ဆုံးရှုံးမှုနှင့် ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာန**က ပျက်စီးဆုံးရှုံးသွားသည့် အဆောက်အဦများနှင့် ဓာတ်အားလိုင်းများကို အစိုးရမှကူညီထောက်ပံ့ပြုပြင်မှုများ ဆောင်ရွက်နေသည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၅	**ဒေါ်သန်းသန်းအေး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်**က နေရပ်စွန့်ခွာသူများ၏ အခက်အခဲနှင့် ဆက်လက်ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏အစီစဉ်များ ထုတ်ဖော်ပြောကြားပေးရန် အစီအစဉ်ရှိ မရှိသိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာန**က ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ရပ်တည်နိုင်ရေး နိုင်ငံတော်အစိုးရ ဦးဆောင်မှုဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင်သတင်းဌာနများ၊ သတင်းစာများတွင် ထုတ်လွှင့်ရေးသား ဖော်ပြလျက်ရှိပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေနှင့် ဆုံးဖြတ်ချက်
၆	**ဒေါ်မြင့်သန်း၊ ရေး မဲဆန္ဒနယ်**က မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင် ဂိတ်ကြေးကောက်ခံနေမှု ပပျောက်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာန**က စစ်ဆေးရေးဂိတ်များတွင် ပူးပေါင်း အဖွဲ့များဖြင့် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားကြပ်မတ်စစ်ဆေးလျက်ရှိကြောင်းနှင့်ငွေကြေးကောက်ခံမှုများရှိ၍ တိုင်ကြားလာပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၇	**ဦးလှဆွေ၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်**က ဇေယျာသီရိမြို့နယ်ရှိ သာယာအေး နှင့် ရွှေကံသာကျေးရွာများ၊ ဒက္ခိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း(၃) ကျေးရွာများအား တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာန**က သာယာအေး နှင့် ရွှေကံသာတို့အား အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့် ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးအဖွဲ့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သီရိမင်္ဂလာနှင့် စိုက်ခင်း(၃)တို့အား အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့် ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၈	ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်က **“စာပေနှင့် ယဉ်ကျေးမှုရိုးရာထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒနှင့်စာပေ ရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ(တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို”** တင်သွင်းပါသည်။	ယင်းအဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်အမည်စာရင်းအား (၂၃-၁၀-၂၀၂၆)ရက်နေ့ နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။
၉	အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း”**	ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် လွှတ်တော်သို့ အသိပေးတင်ပြပါသည်။